
mgyoe.com SAMPLE BOOK




ကျောင်းဆရာ စာပေ

# သီရိလင်္ကာ(၁၂)လရာသီ ပေါယနေ့ခေါ် ဥပုသ်နေ့များ

ဓမ္မစက်ဦးသုန် ( Ph.D)

mgyoe.com

mgyoe.com SAMPLE BOOK



# ဓမ္မစဂါ်ဦးသုန် ( Ph.D)

## သီရိလင်္ကာ(၁၂)လရာသီ ပေါယနေ့ခေါ် ဥပုသ်နေ့များ

ပေါယနေ့ဆိုသည်မှာ...
လူမှုအသိုင်းအဝိုင်းအတွင်းစည်းလုံးညီညွတ်မှုကိုမြှင့်တင်ရန်နှင့်
မျိုးဆက်သစ်လူငယ်များအားရိုးရာဓလေ့ထိန်းသိမ်းမှုကို
မြှင့်တင်ရန်ဖြစ်သည်။

9 404700 883009

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

ဓမ္မစက်ဦးသုန် (Ph.D)

# သီရိလင်္ကာနိုင်ငံ၏
# ပေါယနေ့များအကြောင်း

**ကောင်းဆုသာ** စာပေ ဖြန့်ချိရေး

အမှတ် (၁၇၃)၊ ပထမထပ်၊ ၃၁ လမ်း (အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

၀၉ ၄၂၀၀ ၈၃၄၈၂ ၊ ၀၉ ၇၉၉ ၂၅၇၁၃၈

Facebook Page - ကောင်းဆုသာ စာပေ

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့် ခုနှစ်၊ လ – ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (ပထမအကြိမ်)

မျက်နှာဖုံးဒီဇိုင်း – ပန်းချီမင်းမြတ်ခိုင်

ကွန်ပျူတာစာစီနှင့်
စာမျက်နှာ ဖွဲ့စည်းမှုဒီဇိုင်း – ကောင်းဆုသာ ပုံနှိပ်လုပ်ငန်းစု

**ဦးမိုးဇော်ဟိန်း (၀၁၃၃၄)** ၊ **ကောင်းဆုသာ စာပေ** ၊ အမှတ် (၁) ၊ သစ္စာလမ်းနှင့် မိုးကောင်းဘုရားလမ်းထောင့် ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ( မိုးကောင်းမှတ်တိုင်)က ထုတ်ဝေပြီး **ဦးမင်းမင်းဆန်း** ( မြဲ ၀၁၆၈၅)၊ Mother Home **ပုံနှိပ်တိုက်** ၊ အမှတ် (၂၀၆) ၊ ဗိုလ်ချုပ်လမ်း။ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၌ ပုံနှိပ်သည်။

**အုပ်ရေ – ၁၀၀၀**
**တန်ဖိုး – ၈၀၀၀ ကျပ်**

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| စဉ် | | စာမျက်နှာ |
|---|---|---|
| | ဒေါက်တာအရှင်ဝရဗုဒ္ဓိ (ခရီးဖော်)ရဲ့ အမှာစာ | |
| | စာရေးသူရဲ့ အတွေးမေတ္တာ | |
| ၁။ | သီရိလင်္ကာနိုင်ငံနှင့် မြတ်ဗုဒ္ဓသာသနာ | ၉ |
| ၂။ | သီရိလင်္ကာနိုင်ငံ ပေါယနေ့အကြောင်း | ၁၅ |
| ၃။ | ပေါယနေ့ နေ့များ | ၁၇ |
| ၄။ | ပေါယနေ့များတွင် စောင့်ထိန်းကျင့်သုံးသောဓလေ့များ | ၂၀ |
| ၅။ | ပေါယနေ့များတွင် လုပ်ဆောင်သော အထွေထွေ လှူပ်ရှားမှုများ | ၂၂ |
| ၆။ | ရတနာသုံးပါးကို ရှိခိုးရန် သင့်လျော်သော ကိုယ်ဟန် အနေအထားများ | ၂၅ |
| ၇။ | ဒုရုသု ပေါယနေ့ (ဇန်နဝါရီလ) | ၂၇ |
| ၈။ | နဝန် ပေါယနေ့ (ဖေဖော်ဝါရီလ) | ၃၀ |
| ၉။ | မေဒင် ပေါယနေ့ (မတ်လ) | ၃၄ |
| ၁၀။ | ဘတ်(ခ်) ပေါယနေ့ (ဧပြီလ) | ၃၆ |
| ၁၁။ | ဝေဆက်(ခ်) ပေါယနေ့ (မေလ) | ၄၀ |
| ၁၂။ | ပိုဆွန် ပေါယနေ့ (ဇွန်လ) | ၄၃ |
| ၁၃။ | ဧစလ ပေါယနေ့ (ဇူလိုင်လ) | ၄၅ |
| ၁၄။ | နိကိနီ ပေါယနေ့ (ဩဂုတ်) | ၄၈ |


mgyoe.com

mgyoe.com SAMPLE BOOK

၁၅။ ဘိန်နာရ ပေါ်ယနေ့ (စက်တင်ဘာလ) ၅၂
၁၆။ ဝပ် ပေါ်ယနေ့ (အောက်တိုဘာလ) ၅၇
၁၇။ အီ(လ်) ပေါ်ယနေ့ (နိုဝင်ဘာလ) ၅၉
၁၈။ သမိုင်းဝင် ၁၆ ဌာန ၆၂
၁၉။ မဟိယင်္ဂဏာစေတီတော် (MAHIYANGANA STUPA) ၆၈
၂၀။ ကလျာဏီစေတီတော်နှင့် ကလျာဏီသိမ် ၇၁
၂၁။ ဒီဃဝါပီစေတီတော် ၇၃
၂၂။ မုတိယင်္ဂဏာစေတီတော် ၇၇
၂၃။ ဇေယျာသီရိ မဟာဗောဓိ (JAYA SRI MAHA BODHI) ၈၀
၂၄။ မဟာစေတီတော် ၈၃
၂၅။ ထူပါရာမ (ထူပါရုံ) စေတီတော် ၈၅
၂၆။ ကျမ်းကိုးများ ၈၈

❑

mgyoe.com

mgyoe.com SAMPLE BOOK

## ဒေါက်တာအရှင်ဝရဗုဒ္ဓိ (မြွေခရိုးဖော်) ရဲ့ အမှာစာ

တစ်နေ့သောအခါ သီရိလင်္ကာနိုင်ငံတွင် Ph.D ကျမ်းစာ ရေးသားပြုစုနေသော အရှင် သုန္ဒရဉာဏ (မြွေစက်ဦးသုန်) က "တပည့်တော်မှာ စာအုပ်တစ်အုပ် ထုတ်ဝေဖို့ ရှိပါတယ်။ အချိန်ရ ပါသလား။ အချိန်ရပါလျှင် ထိုစာအုပ်မှာ အမှာစာ ရေးသားချီးမြှင့် ပေးပါရန်" စာပို့ထားသည်ကို ဖတ်ရပါတယ်။

အမှာစာ ရေးသားပေးပါရန် လျှောက်လာသော စာကို ဖတ် ရစဉ်မှာ အကြောင်းအရာကိုလည်း မသိသေးတော့ "ရေးတာကတော့ ရေးပေးလို့ ရပါတယ်။ သို့သော်လည်း ဘယ်လိုအကြောင်းအရာတွေ ကို ရေးသားပြုစုထားတယ်ဆိုတာကို သိပြီးမှ ရေးပေးနိုင်၊ မပေးနိုင် ကို ဆုံးဖြတ်ချက် ချနိုင်မှာဖြစ်ကြောင်း" ပြန်လည်ရေးသား ပို့သလိုက် ပါတယ်။

ဒီလိုနဲ့ သူ ရေးသားပြုစုထားသော စာမိုင်ကို ပို့ပေးပါမည်ဆို သည့် အကြောင်းကို လျှောက်ထားရာ နောက်တစ်နေ့ စာမိုင်ပို့ထား



mgyoe.com

mgyoe.com SAMPLE BOOK

သည်ကို တွေ့ရပါတယ်။ စာဖိုင်ကို ဖွင့်ကြည့်ကာ အစကနေ အဆုံး အထိ သေချာဖတ်ကြည့်ရာ သီရိလင်္ကာနိုင်ငံ၏ ဘာသာရေးနှင့် ယဉ်ကျေးမှုအတွက် အရေးပါသော နေ့ထူးနေ့မြတ်များထဲက သီရိလင်္ကာ ပေါယနေ့အကြောင်းအရာများကို စေ့စေ့စပ်စပ်လင်စွာ ပြုစုရေး သားထားသော စာအုပ်တစ်အုပ်ဖြစ်သည်ကို သိလိုက်ရပါတယ်။

စာဖိုင်ကို ဖွင့်ဖတ်ကြည့်ပြီးနောက် လက်ခံရရှိကြောင်းနဲ့ ကြိုး စား၍ ရေးသားပေးပါမည်ဟု အကြောင်းပြန်လိုက်ပါတယ်။ တာဝန် တစ်ခု ပေးအပ်လာသည်ကို လက်ခံလိုက်ရသည်မှာကား သေးငယ် သည့် ကိစ္စရပ်တစ်ခုတော့ မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတစ်နိုင်ငံ၏ အထွတ်အမြတ် တန်ဖိုးထားရာ ဘာသာရေးနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်း စဉ်လာများကို နှစ်ပေါင်းရှည်ကြာစွာ လက်ဆင့်ကမ်းပြီး သယ်ဆောင်ထိန်းသိမ်းလာခဲ့သည့် နေ့ထူးနေ့မြတ် အကြောင်းအရာများကို ဝေဝေဆာဆာ ပြုစုထားသည့် စာအုပ်တွင် အမှာစာ ရေးသားရမည့်အရေး ဖြစ်သောကြောင့် တာဝန်ကား ကြီး လေးပါတယ်။

မည်သို့ပင် ဆိုစေကာမူ ပေးအပ်လာသော တာဝန်ကို ထမ်း ဆောင်နိုင်ပါက ထမ်းဆောင်ပေးလိုက်နိုင်တာဟာ ကူညီသင့် ကူညီ ထိုက် ကူညီအပ်တဲ့ လုပ်ရပ်တစ်ခုဖြစ်ကြောင်းကို ခံယူထားသူများ အဖို့ ကျရောက်လာသည့် တာဝန်တစ်ခုကို ယူရတာသည်ပင် ဝမ်း မြောက်ဂုဏ်ယူစရာ ဖြစ်နေပါပြီ။

စာဖိုင်အစကနေ အဆုံးအထိ ဖတ်ကြည့်ရာ သီရိလင်္ကာနိုင်ငံ ၏ ပေါယနေ့များ၊ ထိုပေါယနေ့များတွင် စောင့်ထိန်းကျင့်သုံး လိုက် နာရသော ဓလေ့များ၊ လုပ်ဆောင်ရသော အထွေထွေ လှုပ်ရှားမှုများ၊ ရှောင်စရာ၊ ဆောင်စရာများကို လစဉ်အလိုက် နောက်ခံသမိုင်း ဖြစ် စဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားသည်ကို တွေ့ရသည်


mgyoe.com

mgyoe.com
SAMPLE BOOK

မှာ စိတ်ဝင်စားဖွယ် ကောင်းလှပါတယ်။

ပေါယနေ့ကို လစဉ်အလိုက် အားလပ်ရက်နေ့အဖြစ် သတ်မှတ်ထားရာတွင် နောက်ခံသမိုင်း အကြောင်းအရာများအနေဖြင့် မြတ်စွာဘုရားရှင်၏ ဘဝနှင့်သက်ဆိုင်သော အဖြစ်အပျက်များ၊ သင်ခန်းစာများ၊ အဆုံးအမများကို ဂုဏ်ပြုသောအနေအားဖြင့်လည်းကောင်း၊ သီရိလင်္ကာ နိုင်ငံသူ၊ နိုင်ငံသားတို့၏ ဘာသာရေးဆိုင်ရာ လှုပ်ရှားမှုများ၊ ၎င်းနေ့များတွင် ရှောင်စရာ၊ ဆောင်စရာများကို လိုက်နာကျင့်သုံးနိုင်စေရန်လည်းကောင်း ရည်ရွယ်ချက်များစွာဖြင့် တန်ဆာဆင်ထားသည်ကို တွေ့ရှိရပါတယ်။

အထူးသဖြင့် ဤပေါယနေ့များသည် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်၊ ကျေးဇူးတော်၊ တရားတော်များနှင့် အဆုံးအမများကို အာရုံပြု ရည်မှန်းပြီး ကြည်ညိုခွင့်ရကာ ဗုဒ္ဓဘာသာဝင်များအဖို့ ကိုယ်ကျင့်တရား မြင့်မားရန်နှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက် ဖြူစင်စေရန် ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် ၎င်းနေ့များတွင် ဘာသာရေးနယ်မြေများဖြစ်သည့် ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီကျောင်းကန်များသို့ သွားရောက်ကာ ဘာသာရေးဆိုင်ရာ လုပ်ငန်းများဖြစ်သည့် သီလခံယူဆောက်တည်ခြင်း၊ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ပန်းလှူဒါန်းပူဇော်ခြင်း၊ တရားနာယူခြင်း၊ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားဘာဝနာ ပွားများခြင်း စသော ကောင်းမှုများကို ပြုလုပ်ဆောင်ရွက်ကြသလို ဘာသာရေးနယ်မြေများ မဟုတ်သည့် စီးပွားရေး၊ လူမှုရေးနယ်ပယ်များတွင် ဈေးဆိုင်များကို ပိတ်ထားလေ့ရှိပြီး အသားရောင်းခြင်း၊ အရက်သေစာ ရောင်းချခြင်းများကို တားမြစ်ထားသည်မှာ အလွန် အတုယူဖွယ် စံထားစရာ ကောင်းလှပါတယ်။

ဗုဒ္ဓဘာသာဝင်တို့ လိုက်နာကျင့်သုံးသည့် အနှစ်များစွာ ရှိတဲ့


mgyoe.com

mgyoe.com SAMPLE BOOK

အနက်က စာရိတ္တသီလနဲ့ ဝါရိတ္တသီလတို့ရဲ့ သဘောသဘာဝကို မီးမောင်းထိုးပြပေးသည့် ဓလေ့ထုံးတမ်းစဉ်လာ ဖြစ်ကြောင်းကို နက်ရှိုင်းစွာ ခံစားနားလည် သဘောပေါက်မိပါတယ်။

ထိုထိုသော အကြောင်းအရာများကို ဖတ်ရှုခွင့်ရသည့်အတွက် ဤစာအုပ်ငယ်ကို ပြုစုရေးသား တင်ပြသည့် အရှင် သုန္ဒရဉာဏ (ဓမ္မစက် ဦးသုန်) ၏ စာအုပ်ကို ပြုစုရန် အားထုတ်ရသည့် ရည်ရွယ်ချက်နှင့် မျှဝေပေးလိုသည့် စေတနာမွန်တို့ကို လေးနက်စွာ အသိအမှတ်ပြုမိပါတယ်။

အဘယ်ကြောင့်ဆိုရသော် ဤစာအုပ်ငယ်ကို ရေးသားသူ ဓမ္မစက် ဦးသုန်သည် ဤစာအုပ်ကို အခုရေး အခုထုတ်သည်ကား မဟုတ်။ ဤစာအုပ်တွင် တင်ပြ ပြုစုထားသည့် အကြောင်းအရာများကို နှစ်နှစ်ကာကာ လေ့လာထားပြီး အချိန်အားဖြင့် ၉ နှစ်နီးပါး အရင်းအနှီးပြုကာ အားစိုက်ရေးသားထားသောကြောင့် ဖြစ်ပါတယ်။

သူ၏ Ph.D ပညာရေးခရီးကို ပြီးမြောက်အောင် ကြိုးပမ်းအားထုတ်နေသည့်ကြားက ဒီလို ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံတစ်ခုဖြစ်သည့် သီရိလင်္ကာနိုင်ငံ၏ သမိုင်းအစဉ်အလာ ကြီးမားရှည်လျားသော နေ့ထူးနေ့မြတ် အကြောင်းအရာများကို စိတ်ဝင်တစားမှတ်တမ်းတင် ရေးသားပေးသည့် စာရေးဆရာ ဓမ္မစက်ဦးသုန်ကို စာဖတ်သူတို့ကိုယ်စား အထူး ကျေးဇူးတင်မိပါတယ်။

သီရိလင်္ကာနိုင်ငံ၏ ဘာသာရေးနှင့် ယဉ်ကျေးမှုအစဉ်အလာရိုးရာဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့ပုံ အကြောင်းအရာများကို ဖတ်ရှုခွင့်ရကြသည့် စာဖတ်သူတို့၏ မျိုးဆက်သစ်လူငယ်များစွာထဲက တစ်ဦးတစ်ယောက်အတွက် လေ့လာစရာ၊ စံထားစရာ၊ အတုယူစရာ၊ လက်ဆင့်ကမ်း သယ်ဆောင်စရာအဖြစ် စွမ်းဆောင်နိုင်ခဲ့လျှင် ဤစာအုပ်ငယ်ကို ရေးသားပြုစုသူအဖို့ စိတ်ဓာတ်ခွန်အား


mgyoe.com

mgyoe.com SAMPLE BOOK

ပြည့်ဝနေမှာ ဖြစ်ပါတယ်။

စိတ်ဓာတ်ခွန်အား ပြည့်ဝမှုနဲ့အတူ နောက်လည်း အဆက်မပြတ် လောက၊ ဓမ္မ၊ ရသအကျိုးပြု စာပေများကို ဆက်လက်ရေးသားနိုင်တဲ့ ထင်ပေါ်ကျော်ကြား စာပေးရေးသား သာသနာပြု ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တစ်ပါး ဖြစ်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ရပါတယ်။

စာဖတ်သူတို့အားလုံး ဓမ္မစက် ဦးသုန် ရေးသားသော ဤစာအုပ်ငယ်ကို ဖတ်ရှုခြင်းအားဖြင့် အချိန်ပေးရကျိုးနပ်ကာ မိမိတို့ တန်ဖိုးထားသော အရာများကို လက်ဆင့်ကမ်း၍ မိမိကောင်းကျိုး၊ သူတစ်ပါးကောင်းကျိုးများကို တိုးတက်စွာ ဆောင်ရွက်နိုင်ကြပါစေ။

အားလုံး ကျန်းမာပျော်ရွှင်၍ စိတ်နှလုံး အေးချမ်းကြပါစေ။

ဒေါက်တာအရှင်ဝရဇဗုဒ္ဓိ (ဓမ္မခရီးဖော်)
မဟာမုနိ ထေရဝါဒ ဗုဒ္ဓဝိဟာရ
စိန့်ပေါလ်မြို့၊ မင်နီဆိုးတားပြည်နယ်၊
အမေရိကန်ပြည်ထောင်စု။
March 05 2025

❑


mgyoe.com

mgyoe.com SAMPLE BOOK

## စာရေးသူရဲ့ အတွေးမေတ္တာ

သီရိလင်္ကာ ပေါယနေ့သည် သီရိလင်္ကာနိုင်ငံ၏ ဘာသာရေးနှင့် ယဉ်ကျေးမှုအတွက် အရေးကြီးသည့် အထိမ်းအမှတ်နေ့တစ်ခု ဖြစ်သည်။ ဤနေ့ကို ထေရဝါဒ ဗုဒ္ဓဘာသာ၏ ပြက္ခဒိန်အတိုင်း လပြည့်နေ့နှင့် တညီတညွတ် ညီလာစေကာ သံဃာတော်များအား ဂုဏ်ပြုခြင်း၊ ဗုဒ္ဓစွယ်တော်အား အလေးထား ပူဇော်ခြင်းနှင့် သမိုင်းဝင် မှတ်တမ်းများကို မှတ်တမ်းအဖြစ် ပြုလုပ်ထားခြင်း ဖြစ်သည်။

ယင်းပွဲတော်သည် ကျေးလက်ဒေသများတွင် ရိုးရာပွဲတော်အဖြစ် ဆောင်ရွက်လာခဲ့ပြီး လူမှုအသိုင်းအဝိုင်းအတွင်း စည်းလုံးညီညွတ်မှုကို မြှင့်တင်ရန်နှင့် မျိုးဆက်သစ် လူငယ်များအား ရိုးရာဓလေ့များကို ထိန်းသိမ်းပြီး လက်ဆင့်ကမ်းခြင်းသည် သာမန် ဘာသာရေးနေ့တစ်ခုထက် ကျော်လွန်သည့် လူမှုယဉ်ကျေးမှုအသွင် ကူးပြောင်းမှုများနှင့် ပိုမို သက်ရောက်လာခြင်းသည် ဤပေါယနေ့၏ ထင်ရှားသည့် တန်ဖိုးမဖြတ်နိုင်သော ရိုးရာဓလေ့ အားသာချက်တစ်ခုဖြစ်သည်ကိုလည်း တွေ့မြင်ရသည်။

သီရိလင်္ကာ၌ ဗုဒ္ဓသာသနာ ဖြန့်ကြက်မှုနှင့်အတူ ပေါယနေ့



mgyoe.com

mgyvoe.com SAMPLE BOOK


သည် ဘာသာရေးဝတ်ပြုမှုများ၊ ပရဟိတလုပ်ငန်းများနှင့် လူမှု အသိုင်းအဝိုင်း၏ တည်မြဲမှုကို ထောက်ပံ့ပေးသော အစိတ်အပိုင်း တစ်ခု ဖြစ်လာသည်။ ထို့အပြင် သီရိလင်္ကာ ဘုရင်များကလည်း ဤနေ့ကို အလေးထားခဲ့ခြင်းကြောင့် ယနေ့တိုင် Buddhist Culture နှင့် National Identity တို့၏ သင်္ကေတအဖြစ် ဆက်လက် တည်ရှိနေပါသည်။

ယနေ့ခေတ်တွင် သီရိလင်္ကာ ပေါယနေ့သည် မြို့ပြဒေသ များတွင်ပါ ခေတ်မီပုံစံများဖြင့် ဆောင်ရွက် ပြုလုပ်လာကြသည်။ ထိုသို့ ဆောင်ရွက်မှုသည် လူငယ်များအား မျိုးရိုးစဉ်လာ ယဉ်ကျေးမှု နှင့် ရိုးရာဓလေ့ထုံးတမ်းများကို နားလည်လာစေရန် အခွင့်အရေး တစ်ခု ဖြစ်နိုင်သည်ဟုလည်း ထင်မြင်မိသည်။

သီရိလင်္ကာ ပေါယနေ့သည် ကျေးလက် လူမှုအသိုင်းအဝိုင်း အတွင်းသာမက ခေတ်ပေါ် မြို့ပြလူ့ဘောင်အတွင်းပါ လူမှုစည်းလုံး ညီညွတ်မှုကို မြှင့်တင်ပြီး ယဉ်ကျေးမှု တန်ဖိုးများကို ထိန်းသိမ်းရာ တွင် အရေးပါသည့် ပွဲတစ်ပွဲဖြစ်ပြီး ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေး အနုပညာများကို ပေါင်းစည်းပြီး ဗုဒ္ဓသာသနာ၏ တည်တံ့မှု နှင့် လူ့ဘောင် ဖွံ့ဖြိုးတိုးတက်မှုကို ပြသနိုင်သော သမိုင်းဝင်နေ့တစ် ရက် ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာသမိုင်းသည် သီရိလင်္ကာနိုင်ငံ နှင့် ခေတ်အဆက်ဆက် ပတ်သက်မှု ရှိခဲ့သည့်အပြင် သီရိလင်္ကာနိုင်ငံ သည် စာပေ၊ ယဉ်ကျေးမှုနှင့် သမိုင်းအစဉ်အလာ တိုးတက်မြင့်မား မှုကြောင့် စိတ်ဝင်စားဖွယ်ကောင်းသည်။ [၁]

---

[၁] ယနေ့ မြန်မာနိုင်ငံတွင် ရဟန်းတော်များ သင်ကြားနေသော မြတ်ဗုဒ္ဓ၏ မူရင်း ပါဠိတော်များကို ဖွင့်ဆိုသည့်အဋ္ဌကထာများသည် မူလအားဖြင့် သီဟိုဠ်ဘာသာ ဖြင့် ရေးသားခဲ့သည့် သီဟိုဠ်အဋ္ဌကထာ ကျမ်းများမှ အေဒီ ငါးရာစုတွင် ပါဠိဘာသာ သို့ ပြန်ဆိုခဲ့သည့် ကျမ်းများဖြစ်သည်။


mgyvoe.com

mgyoe.com SAMPLE BOOK 

စာရေးသူသည် သီရိလင်္ကာနိုင်ငံသို့ ၂၀၁၇ ၊ ဖေဖော်ဝါရီ ၂ ရက်၊ ကြာသပတေးနေ့တွင် စတင်ရောက်ရှိစဉ်ကတည်းက ယခု ၂၀၂၅ ကိုးနှစ်နီးပါး ပညာသင်နေဆဲ ကာလတွေမှာ သမိုင်းနှင့် ယဉ်ကျေးမှု အစဉ်အလာ ကြီးမားသော သီရိလင်္ကာရဲ့ တစ်မူထူးခြားသည့် မြန်မာနိုင်ငံနှင့် ပတ်သက်မှုရှိပြီး လေးစားဖွယ်ကောင်းသည့် ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံတစ်ခု၏ သမိုင်းဖြစ်စဉ်နှင့် စပ်ချည်ပြီး သီရိလင်္ကာနိုင်ငံ၏ အခါကြီးနေ့ကြီး ပေါယနေ့များအကြောင်းကို စိတ်ဝင်တစား မှတ်တမ်းတင်ချင်နေခဲ့တာက ကြာပါပြီ။ သို့သော် ဒီပေါယနေ့ခေါ် ဥပုသ်နေ့များအကြောင်းကို စာအုပ် မထုတ်ဖြစ်ဘဲ ၂၀၂၀ ပြည့်နှစ်က "ရှန်းမထွက် အမုန်းမဖက်ဖို့" (ဓမ္မဒေသန ဘဝရသ အတွေးစာစုများ) ကိုသာ သီရိလင်္ကာ ပညာသင်အမှတ်တရအနေဖြင့် ထုတ်ဝေဖြစ်ခဲ့ပါ သည်။ အခုတော့ စာရေးသူရဲ့ အဓိကရည်ရွယ်ချက် နှစ်ခုဖြစ်သည့် ဒီစာအုပ်ထုတ်ဝေရေးနှင့် သီရိလင်္ကာ (Ph.D) ပညာရေးခရီး ပြီးဆုံးသည့် အမှတ်တရမှတ်တမ်းအဖြစ် ရေးထိုးနိုင်ခဲ့ပြီ။

စာရေးသူတို့သည် သေတတ်တဲ့ဘဝမှာ မသေခင် လောကဓမ္မအတွက်၊ အနာဂတ် မျိုးဆက်သစ်တွေအတွက် သီရိလင်္ကာနိုင်ငံ၏ ဘာသာရေးနှင့် ယဉ်ကျေးမှုအစဉ်အလာ ရိုးရာဓလေ့များကို ထိန်းသိမ်းပြီး လက်ဆင့်ကမ်းခြင်းသည် သာမန် ဘာသာရေးနေ့တစ်ခု ထက် ကျော်လွန်ကြောင်းကို မျှဝေခြင်းဖြင့် အကျိုးပြုခဲ့ရင် ကောင်းမယ်ဆိုတဲ့ အတွေးနဲ့ ဒီစာအုပ်ကို ရေးဖို့ကိုလည်း မိမိပညာရေးနဲ့ မအားတဲ့ကြားကနေ ဆုံးဖြတ်ချက်ချခဲ့သည်။ စာရေးသူ ရေးတဲ့စာက အများအတွက် အကျိုးမပြုခဲ့ရင်တောင် တစ်ဦးတစ်ယောက်အတွက် အကောင်းဘက်ပြောင်းလဲဖို့ နှိုးဆွနိုင်ခဲ့တဲ့ စာဖြစ်ခဲ့ရင်၊ အကောင်းဘက်သို့ ပြောင်းလဲသွားနိုင်ခဲ့ရင်၊ ဒီစာအုပ်ဟာ အားလုံးကို အခြေပြုထားတဲ့ အများအတွက် မေတ္တာသက်တဲ့ မေတ္တာစာတစ်စောင် ဖြစ်နေ

 mgyoe.com

mgyoe.com

လိမ့်မယ်လို့လည်း အကြွင်းမဲ့ ယုံကြည်မိပါသည်။

စာအုပ်ဖြစ်မြောက်ရန်အတွက် ဝိုင်းဝန်း ကူညီပေးကြသော ကောင်းဆုသာစာပေ မိသားစု၊ မျက်နှာဖုံးဒီဇိုင်း ပန်းချီမင်းမြတ်ခိုင် အားလည်းကောင်း၊ ဒီစာအုပ် ဖြစ် ပေါ်လာအောင် ဝိုင်းပြီး လှူဒါန်း ပေးကြသော ဦးမွန်မောင်ဇေ + ဒေါ် မြင့်မြင့်ဆွေ၊ သမီး – ဒေါက်တာ အေးသက်မွန်၊ မအေးမြင့်မွန် မိသားစု (USA) နှင့် အမှာစာ ရေးသား ပေးသော ဒေါက်တာ အရှင်ဝရဗုဒ္ဓိ (ဓမ္မခရီးဖော်) USA ၊ ဒေါက်တာ ဝဏ္ဏသိရီ (မေတ္တာ)တို့အား အထူးပင် ကျေးဇူးတင်ရှိပါသည်။

ဤစာအုပ်ဖြင့် မိဘ၊ ဆရာသမား၊ ကျေးဇူးရှင်အပေါင်းတို့ အား ကျေးဇူးဆပ် ပူဇော်ပါ၏။

အားလုံး ထာဝရ ချမ်းမြေ့ကြပါစေ။

ဓမ္မစက်ဦးသုန် (Ph.D)
04. 03. 2025 (Mon)
ညဥ့် 11: 55 မိနစ်၊ သီရိလင်္ကာစံတော်ချိန်

❑


mgyoe.com

mgyoe.com SAMPLE BOOK

## သီရိလင်္ကာနိုင်ငံနှင့် မြတ်ဗုဒ္ဓသာသနာ

သီရိလင်္ကာနိုင်ငံသည် ဗုဒ္ဓသာသနာတော် စတင်ထွန်းကားခဲ့သော နိုင်ငံတစ်နိုင်ငံ ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်များ အများဆုံးနေထိုင်သည့် နိုင်ငံလည်းဖြစ်သည်။ သီရိလင်္ကာနိုင်ငံသို့ ဗုဒ္ဓသာသနာရောက်ရှိလာခြင်းမှာ ဘီစီ ၃ ရာစုနှစ်တွင် အသောကမင်းကြီး၏ သားတော် အရှင်မဟိန္ဒမထေရ်နှင့် သမီးတော် သံဃမိတ္တာထေရီမတို့၏ ကျေးဇူးကြောင့်ဖြစ်သည်။

အသောကမင်းကြီးသည် အိန္ဒိယနိုင်ငံ ပါဋ္ဌလိပုတ်ပြည်၊ အသောကာရာမ ကျောင်းတိုက်တွင် တတိယသံဂါယနာ ပြုလုပ်ပြီးနောက် ဘီစီ ၃ ရာစုအလွန်တွင် အသောကမင်းကြီး၏ သားတော် အရှင်မဟိန္ဒမထေရ်က သီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း) တွင် မြတ်ဗုဒ္ဓသာသနာကို ပြန့်ပွားစေခဲ့သည်။ အရှင်မဟိန္ဒမထေရ် သီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း) သို့ ရောက်ရှိပြီးနောက် ဒေဝါနံပိယတိဿမင်းနှင့် တိုင်းသူပြည်သားများသည် ဗုဒ္ဓဘာသာကို ကိုးကွယ်လာခဲ့ကြသည်။ အမျိုးသားများသာမက အမျိုးသမီးများပါ သာသနာ့ဘောင်သို့


mgyoe.com

mgyoe.com SAMPLE BOOK

ဝင်ရောက်လိုကြသည်။ အိမ်ရှေ့မင်းမဖြစ်သူ မိဖုရား အနုဠာဒေဝီပါ ဗုဒ္ဓသာသနာတွင် ဝင်ရောက်လိုခြင်းဖြင့် ဘိက္ခုနီမများကိုပါ လက်ခံနိုင်ရန် တောင်းဆိုခဲ့ကြသည်။ သို့သော် ဥဘတောသံဃာ မပြည့်စုံသဖြင့် သူတို့၏ဆန္ဒများ မပြည့်ဝနိုင်ခဲ့သည်။ ထိုသို့ တောင်းဆိုမှုကို ဖြေရှင်းရန် အရှင်မဟိန္ဒက ညီမတော် သံဃမိတ္တာထေရီမအား သီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း) သို့ ရောက်ရှိရန် သံတမန် စေလွှတ်ခဲ့သည်။

အသောကမင်းကြီးသည် သားတော် မဟိန္ဒနှင့် တူတော် သုမနသာမဏေတို့ သီဟိုဠ်ကျွန်းသို့ သွားပြီး ပြန်မရောက်သေးသောကြောင့် သမီးတော် သံဃမိတ္တာထေရီမအား မသွားစေလိုခဲ့သော်လည်း နောက်ဆုံးတွင် သွားခွင့်ပြုခဲ့သည်။ ထို့အပြင် မဟာဗောဓိပင်ကိုပါ သီဟိုဠ်ကျွန်းသို့ လှူဒါန်းခဲ့သည်။ မဟာဗောဓိပင်ကို ဓားဖြင့် ခုတ်ဖြတ်၍ ပို့ဆောင်ရန် အခက်အခဲရှိသဖြင့် ပညာရှိ ရဟန်းတော်များထံ အကြံဉာဏ်တောင်းခံခဲ့ရာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က မြတ်ဗုဒ္ဓ၏ အဓိဋ္ဌာန်ချက် ၅ ချက်ကို ဟောကြားပေးခဲ့သည်။

ထိုအဓိဋ္ဌာန် ၅ ချက်မှာ –

၁။ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အသောကမင်းက မဟာဗောဓိပင် ပင့်ဆောင်ရာတွင် မဟာဗောဓိပင်၏ တောင်ဘက်ကိုင်းသည် အလိုအလျောက်ပြတ်၍ ရွှေဖျဉ်းအိုးတွင် တည်ပါစေသတည်း။

၂။ ရွှေဖျဉ်းအိုးတွင် တည်နေသော မဟာဗောဓိပင်သည် ကောင်းကင်သို့ ပျံတက်၍ ဆီးနှင်းတိမ်တိုက်တွင် တည်ပါစေသတည်း။

၃။ မဟာဗောဓိပင်ကိုင်းသည် ကောင်းကင်အထက် ဆီးနှင်းတိမ်တိုက်တွင် ၇ ရက်တည်ပြီးနောက် မဟာဗောဓိပင်ကိုင်း၏ အရွက်နှင့် အသီးတို့မှ ရောင်ခြည်တော်ခြောက်ပါး ကွန့်မြူးပါစေသတည်း။

၄။ ထူပါရုံစေတီတွင် ဌာပနာထားသော မြတ်ဗုဒ္ဓ၏ လက်ယာညှပ်


mgyoe.com

mgyoe.com SAMPLE BOOK

ရိုးဓာတ်တော်သည် ရေမီးအစုံ အစုံ အစရှိသော တန်ခိုးပြာဋိဟာတို့ကို ပြပါစေသတည်း။

၅။ သီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း) မဟာစေတီတွင် တစ်စိတ်သား အရွယ်အစားရှိသော မြတ်ဗုဒ္ဓ၏ ဓာတ်တော်များ ဌာပနာသောအခါ ဓာတ်တော်များသည် မြတ်ဗုဒ္ဓ၏အသွင်ကို ယူ၍ ကောင်းကင်သို့ ပျံတက်၍ ရေမီးအစုံ အစုံ အစရှိသော တန်ခိုးပြာဋိဟာတို့ကို ပြပါစေသတည်း။ (ဝိ၊ ၃၊ ၁၊ ၆၈–၆၉)

ထိုအဓိဋ္ဌာန်ချက်များကို ကြားနာပြီးနောက် အသောကမင်းကြီးသည် ဝမ်းမြောက်ရွှင်လန်းစွာဖြင့် မဟာဗောဓိပင်၏ တောင်ဘက်ကိုင်းကို သီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း) သို့ လှူဒါန်းခဲ့သည်။ ထိုသို့ ဗောဓိပင်ပင့်ဆောင်ပြီး သံဃမိတ္တာထေရီမ သီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း ) သို့ ရောက်ရှိသောအခါ သီရိဓမ္မာသောကမင်းကြီးက အမတ်များ၊ သူကြွယ်များ၊ နဂါး၊ ဘီလူး၊ နတ်တို့ကို မဟာဗောဓိပင်စောင့်ရှောက်ရန် အခြံအရံများပါ ထည့်သွင်း တာဝန်ပေးလိုက်သည်။

အရှင်မဟိန္ဒ၊ သံဃမိတ္တာထေရီမနှင့် မဟာဗောဓိပင်တို့ သီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း) သို့ ရောက်ရှိပြီးနောက် သီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း) တွင် မြတ်ဗုဒ္ဓသာသနာတော်သည် ထွန်းလင်း တိုးတက်လာခဲ့သည်။ အေဒီ ၁၀ ရာစုတွင် သီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း) သားများသည် ဗုဒ္ဓဘာသာဝင်များသာ သီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း) ကို အုပ်ချုပ်ခွင့်ရှိသည်ဟု ယုံကြည်လာကြသည်။

မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ် ဘုရားဖြစ်တော်မူပြီး ၉ လအကြာမှာ တစ်ကြိမ်၊ ၅ ဝါအရမှာ တစ်ကြိမ်၊ ၈ ဝါအရမှာ တစ်ကြိမ် စုစုပေါင်း သုံးကြိမ်တိုင်တိုင် သီရိလင်္ကာနိုင်ငံသို့ ကြွတော်မူခဲ့တယ်လို့ သမိုင်းမှတ်တမ်းများအရ သိရပါတယ်။ ပါရာဇိကဏ် အဋ္ဌကထာမှာ တတိယအကြိမ် ကြွရောက်တုန်းက မြတ်ဗုဒ္ဓသည် ရဟန္တာငါးရာနှင့်အတူ မဟာစေတီ၊ ထူပါရာမစေတီ၊ ဒက္ခိဏာသာခါ –


mgyoe.com

mgyoe.com

မဟာဗောဓိပင်၊ မဟိယင်္ဂဏစေတီ၊ မုတိယင်္ဂဏစေတီ၊ ဒီဃဝါပီ စေတီ၊ ကလျာဏီစေတီ (ကလျာဏီသိမ်) စတဲ့ နေရာတွေမှာ သမာ ပတ်ဝင်စားပြီး သီတင်းသုံးတော်မူခဲ့တယ်လို့ ဖော်ပြထားသည်။ (ဝိ၊ ၌၊ ၁၊ ၆၆)

နောက်ပိုင်းမှာ အဲဒီနေရာများကို မြတ်စွာဘုရား ကြွရောက် တော်မူခဲ့တဲ့ အထိမ်းအမှတ် စေတီများ တည်ခဲ့ကြသည်။ သို့သော် သီရိလင်္ကာနိုင်ငံသား အများစုကတော့ နာဂဒီပစေတီ၊ စရိပါဒစေတီ (ခြေတော်ရာတောင်)၊ ဒိဝါဂုဟာစေတီ၊ တိဿမဟာဝိဟာရစေတီ၊ မရိစဝဋ္ဋိစေတီ၊ အဘယဂိရိစေတီ၊ ဇေတဝနစေတီ၊ သိလစေတီ၊ ခီရ စေတီ နေရာများကိုပါ ထည့်သွင်းရေတွက်ပြီး သမိုင်းဝင် ၁၆ ဌာနဟု သတ်မှတ်ထားကြသည်။

သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သာသနာရေး ဆိုင်ရာ ဆက်စပ်မှုသည် သီရိလင်္ကာနိုင်ငံရှိ သာသနာရေး သမိုင်း ကျမ်းများတွင် သုံးကြိမ်တိုင် တင်ပြထားသည်ကို တွေ့ရသည်။

## (၁) ပေါလန္နရုဝခေတ်

ပေါလန္နရုဝခေတ်တွင် ပထမ ဝိဇယဗာဟုမင်းသည် ပေါ လန္နရုဝနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ "Cholas" ကျေးကုလား မင်းများလက်ထက်တွင် သံဃာငါးပါးပြည့်မှု မရှိတော့သဖြင့် ဝိဇယ ဗာဟုမင်းသည် ပုဂံ အနော်ရထာမင်းထံသို့ သံဃာတော်များ စေလွှတ် ၍ သာသနာတော် အသက်ဆက်ရန် တောင်းခံခဲ့သည်။ အနော်ရထာ မင်းသည် ပိဋကတ်သုံးပုံ ကျွမ်းကျင်သော ဆရာတော်များကို ပေါ လန္နရုဝသို့ စေလွှတ်ကာ သာသနာတော်ကို ပြန်လည် ဖော်ထုတ်ပေး ခဲ့သည်။


mgyoe.com

## (၂) ကန္ဒီခေတ်

၁၅၉၂ ခုနှစ်တွင် ကန္ဒီခေတ် ဝိမလဓမ္မသူရိယမင်းသည် ပေါ်တူဂီလူမျိုးများ၏ ဖျက်ဆီးမှုကြောင့် သံဃာတော်များ မလုံလောက်တော့သဖြင့် မြန်မာနိုင်ငံ ရခိုင်မှ သာသနာရေး အကူအညီ တောင်းခံခဲ့သည်။ ရခိုင်မှ သံဃာတော်များ သီရိလင်္ကာသို့ ရောက်ရှိလာပြီး အမျိုးသားများစွာကို ရဟန်းခံပေးကာ သာသနာတော်ကို ပြန်လည်ထူထောင်ခဲ့သည်။

## (၃) ကိုလိုနီခေတ်

ပထမ ဝိမလဓမ္မသူရိယမင်း လက်ထက်တွင် တည်ထောင်ခဲ့သော သာသနာသည် မတည်တံ့သဖြင့် ၁၆၈၇ ခုနှစ်တွင် ဒုတိယ ဝိမလဓမ္မသူရိယမင်းသည် မြန်မာနိုင်ငံ ရခိုင်မှ သာသနာရေး အကူအညီ ထပ်မံ တောင်းခံခဲ့သည်။ ထိုသို့ ရခိုင်မှ သံဃာတော်များ သီရိလင်္ကာသို့ ရောက်ရှိလာ၍ ဒုတိယအကြိမ် သာသနာတော် ပြန်လည် ဖော်ထုတ်ပေးခဲ့သည်။

သို့သော် သီရိလင်္ကာသည် မြန်မာမှသာ သာသနာရေး အကူအညီ ရယူခဲ့ခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံလည်း သီရိလင်္ကာမှ အကူအညီ ရယူဖူးသည်။ ၁၄၇၆ ခုနှစ်တွင် ဓမ္မစေတီမင်းသည် မြန်မာနိုင်ငံကို စိုးစံခဲ့ပြီး မင်းကြီးသည် ကိုယ်တိုင်လည်း ရဟန်းလူထွက်ဖြစ်သောကြောင့် ပိဋကတ်စာပေ ကျွမ်းကျင်သူဖြစ်သည်။

မင်းကြီးလက်ထက်တွင် မြန်မာနိုင်ငံရှိ သာသနာရေးသည် ဆုတ်ယုတ်နေရာမှ သီရိလင်္ကာရှိ စတုတ္ထ ဘုဝနေကဗာဟုမင်းထံမှ သံဃာ ၂၂ ပါးကို ရွေးချယ်ကာ သီရိလင်္ကာသို့ စေလွှတ်၍ ရဟန်းခံစေခဲ့သည်။ ထို့နောက် သီရိလင်္ကာမှ ဆရာတော်ကြီးများသည် မြန်မာသံဃာတော်များကို ကလျာဏီမြစ်တွင် ရေသိမ်ဖွဲ့၍ ပြန်လည် ရဟန်း


mgyoe.com

mgyoe.com SAMPLE BOOK

ခံပေးခဲ့သည်။ ဓမ္မစေတီမင်းသည် သီရိလင်္ကာမှ ပြန်ရောက်လာသော သံဃာများဖြင့် မြန်မာသံဃာတော် အားလုံးကို အသစ်ထပ်မံ ရဟန်းခံစေရန် ပဲခူးမြို့တွင် ကလျာဏီသိမ်တော်ကြီးကို ဆောက်လုပ်ခဲ့ပြီး "ကလျာဏီကျောက်စာ" ကိုလည်း ရေးထိုးစေခဲ့သည်။ ထို့ကြောင့် မြန်မာနှင့် သီရိလင်္ကာတို့ သာသနာရေးဆိုင်ရာ ထိတွေ့ဆက်ဆံမှုများသည် များစွာသော သမိုင်းမှတ်တမ်းများ ထားရှိခဲ့ကြောင်းကို ယခုထိ တွေ့မြင်နိုင်သည်။

သီရိလင်္ကာနိုင်ငံသည် ဗုဒ္ဓဘာသာဝင်များ အများဆုံးနေထိုင်သည့် နိုင်ငံဖြစ်ပြီး နိုင်ငံ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများတွင် ဗုဒ္ဓသာသနာတော်၏ လွှမ်းမိုးမှုကို ထင်ရှားစွာ တွေ့မြင်နိုင်သည်။ သီရိလင်္ကာ နိုင်ငံသားများသည် ဗုဒ္ဓဘာသာကို နက်နက်ရှိုင်းရှိုင်း ယုံကြည်ကိုးကွယ်ကြပြီး ဗုဒ္ဓဘာသာနှင့်ပတ်သက်သော ပွဲတော်များ၊ ပူဇော်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။ ကမ္ဘာ့အလယ်တွင် သီရိလင်္ကာနိုင်ငံသည် ကမ္ဘာ့သာသနာ့ယဉ်ကျေးမှုအနက် သာသနာ့အလံကို စတင်တီထွင်ခဲ့သော ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည့်အပြင် ဘုရားလောင်း ဖွားမြင်ခဲ့သော ကဆုန်လပြည့်နေ့ကို ကုလသမဂ္ဂထံ တစ်ကမ္ဘာလုံး ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန် တောင်းဆိုခဲ့သော ဗုဒ္ဓဘာသာနိုင်ငံအဖြစ်လည်း ကျော်ကြားသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

ထို့ပြင် သီရိလင်္ကာ နိုင်ငံတစ်ဝန်းရှိ ဘုန်းတော်ကြီးကျောင်းအများစုတွင် အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့များတွင် Dhamma School များ ဖွင့်လှစ်ကာ ကလေးငယ်များအတွက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများ သင်ကြားပို့ချနေသည်ကို နိုင်ငံတစ်ဝန်းလုံးတွင် ပုံမှန် တွေ့မြင်နိုင်သည်။

❑


mgyoe.com

mgyoe.com SAMPLE BOOK

## သီရိလင်္ကာနိုင်ငံ ပေါယနေ့ အကြောင်း

ပေါယနေ့ (Poya Day) သည် သီရိလင်္ကာနိုင်ငံတွင် လပြည့်နေ့၌[၂] ကျင်းပသော ဗုဒ္ဓဘာသာဝင်များ၏ လစဉ် ဘာသာရေးနေ့ ဖြစ်သည်။ ပါဠိဘာသာဖြင့် Uposatha ဟု ခေါ်ဆိုပြီး ဤနေ့သည် ဘာသာရေးဆိုင်ရာ လုပ်ငန်းများ၊ တရားအားထုတ်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ သန့်ရှင်းစင်ကြယ်ခြင်းအတွက် ရည်ရွယ်သည်။ “Poya” ဟူသော ဝေါဟာရသည် ပါဠိနှင့် သက္ကတစကားလုံး ဥပေါသထ (ဥပ + ဝသ – Uposatha (upa + vasi) “ဥပုသ်စောင့်ခြင်း” ဟု အဓိပ္ပာယ်ရ) မှ ဆင်းသက်လာပြီး ရှေးရိုးအရ ဥပုသ်စောင့်ခြင်းနှင့် ဘာသာရေးလုပ်ငန်းများနှင့် ဆက်စပ်နေသည်။

---

[၂] သီရိလင်္ကာနိုင်ငံတွင် ပေါယနေ့ခေါ် ဥပုသ်နေ့ကို မြန်မာနိုင်ငံမှာလို လပြည့်၊ လကွယ်၊ လဆန်း ၈ ရက်၊ လပြည့်ကျော် ၈ ရက် သည်ကဲ့သို့ တစ်လမှာ လေးကြိမ် ရှိသော်လည်း တစ်လမှာတစ်ကြိမ် လပြည့်ပေါယနေ့ တစ်နေ့ကိုသာ ဥပုသ်စောင့်ကြသည်ကိုသတိထား လေ့လာမိသည်။



mgyoe.com

## သီရိလင်္ကာနိုင်ငံ၏ ပေါယနေ့များအကြောင်း

mgyoe.com SAMPLE BOOK

သီရိလင်္ကာနိုင်ငံတွင် လပြည့်နေ့တိုင်းကို Poya Day အဖြစ် သတ်မှတ်ထားပြီး လဆန်းလပြည့် စက်ဝန်းအရ ၂၉.၅ ရက်တစ်ကြိမ် ကျရောက်လေ့ရှိသည်။ လပြည့်နေ့သည် စိတ်ပိုင်းဆိုင်ရာ စုံလင်ပြည့်ဝမှုနှင့် ဉာဏ်အလင်းရရှိမှုကို ကိုယ်စားပြုသည်ဟု ယူဆသောကြောင့် ဤနေ့သည် ဘာသာရေးလုပ်ငန်းများအတွက် အကောင်းဆုံးအချိန် ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ ဗုဒ္ဓဘာသာဝင်များသည် လဆန်းလပြည့်ကို အခြေခံသော ဘာသာရေးပွဲတော်များကို ကျင်းပကြပြီး သီရိလင်္ကာတွင်လည်း Poya Day များတွင် ဘုန်းကြီးကျောင်းများသို့ သွားရောက်ကာ တရားအားထုတ်ခြင်း၊ သီလဆောက်တည်ခြင်းနှင့် ဘာသာရေးဆိုင်ရာ ဟောပြောချက်များကို နာယူကြသည်။ သီဟိုဠ်ဘာသာစကားဖြင့် Poya ဟူသော ဝေါဟာရသည် လပြည့်နေ့ကို ရည်ညွှန်းပြီး ယင်းသည် ယဉ်ကျေးမှုနှင့် ဘာသာရေးအရ အလွန်အရေးပါသောနေ့ ဖြစ်သည်။

ပေါယနေ့ (Poya Day) များတွင် စီးပွားရေးလုပ်ငန်းများနှင့် ဈေးဆိုင်များကို ပိတ်ထားလေ့ရှိပြီး အရက်နှင့် အသားရောင်းချခြင်းများကို တားမြစ်ထားသည်။ ဤသည်မှာ ဤနေ့၏ ရည်ရွယ်ချက်ဖြစ်သော စိတ်ပိုင်းဆိုင်ရာ သန့်ရှင်းမှုနှင့် ကိုယ်ကျင့်တရားကို အလေးပေးခြင်းကို ထင်ဟပ်စေသည်။ Poya Day များသည် ဂရီဂေါရီးယန်းပြက္ခဒိန်အရ လပြည့်နေ့နှင့် ယေဘုယျအားဖြင့် တိုက်ဆိုင်သော်လည်း လဆန်းလပြည့် စက်ဝန်းအရ တစ်ခါတစ်ရံ အနည်းငယ်ကွဲလွဲနိုင်သည်။ Poya ၏ တိကျသောအချိန်ကို လ၏အဆင့်အပေါ် အခြေခံ၍ သတ်မှတ်ပြီး အထူးသဖြင့် Madhyahana ကာလကို နက္ခတ်ဗေဒဆိုင်ရာ တွက်ချက်မှုများဖြင့် ဆုံးဖြတ်သည်။

ပေါယနေ့ (Poya Day) များသည် ဗုဒ္ဓ၏ အဆုံးအမများကို သတိရစေပြီး ဗုဒ္ဓဘာသာဝင်များအတွက် စိတ်ပိုင်းဆိုင်ရာ ကြီးထွားမှု



mgyoe.com

mgyoe.com SAMPLE BOOK


နှင့် ကိုယ်ကျင့်တရားကို ပြန်လည်အားဖြည့်ရန် အခွင့်အရေးတစ်ခု ဖြစ်သည်။ ဤအခမ်းအနားများသည် သီရိလင်္ကာ ယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာ ဓလေ့များအကြား နက်ရှိုင်းသော ဆက်နွှယ်မှုကို မီးမောင်းထိုးပြသည်။

❑


mgyoe.com

mgyoe.com SAMPLE BOOK

## ပေါ်ယနေ့ နေ့များ

သီရိလင်္ကာနိုင်ငံရှိ ပေါယနေ့ (Poya Day) များသည် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဘဝနှင့်ဆိုင်သော အဖြစ်အပျက်များကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် လစဉ် ဗုဒ္ဓဘာသာ အားလပ်ရက်များဖြစ်သည်။ တစ်နှစ်လျှင် ပေါယနေ့ (Poya Day) ပေါင်း ၁၂ ရက်ရှိပြီး နှစ်စဉ် လပြည့်နေ့တိုင်းတွင် ကျရောက်လေ့ရှိသည်။ ပေါယနေ့ (Poya Day) တစ်ခုစီသည် ဗုဒ္ဓမြတ်စွာ၏ ဘဝနှင့် ဆက်စပ်သော အရေးကြီးသည့် ဖြစ်ရပ်တစ်ခုအတွက် သီးသန့် ရည်ရွယ်ကျင်းပသည်။

ဤနေ့ရက်များသည် သီရိလင်္ကာယဉ်ကျေးမှုတွင် အလွန်အရေးပါပြီး ဗုဒ္ဓဘာသာဝင်များအတွက် ဘာသာရေးဆိုင်ရာ လှုပ်ရှားမှုများနှင့် အခမ်းအနားများကို စောင့်ထိန်းကျင်းပရန် အခွင့်အရေးတစ်ခု ဖြစ်သည်။ ပေါယနေ့ (Poya Day) များတွင် လူများသည် ဘုန်းကြီးကျောင်းများသို့ သွားရောက်ကာ တရားအားထုတ်ခြင်း၊



mgyoe.com

mgyoe.com SAMPLE BOOK

သီလဆောက်တည်ခြင်း၊ ဆွမ်းကပ်လှူခြင်းနှင့် ဘာသာရေးဆိုင်ရာ ဟောပြောချက်များကို နာယူကြသည်။ ထို့အပြင် ဤနေ့များတွင် စီးပွားရေးလုပ်ငန်းများနှင့် ဈေးဆိုင်များကို ပိတ်ထားလေ့ရှိပြီး အရက်နှင့် အသားရောင်းချခြင်းကို တားမြစ်ထားသည်။

ပေါယနေ့ (Poya Day) များသည် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမများကို သတိရစေပြီး လူတို့၏ စိတ်ပိုင်းဆိုင်ရာ ကြီးထွားမှုနှင့် ကိုယ်ကျင့်တရားကို မြှင့်တင်ရန် အခွင့်အရေးတစ်ခု ဖြစ်သည်။ ဤနေ့များသည် သီရိလင်္ကာ လူ့အဖွဲ့အစည်း၏ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ စည်းလုံးညီညွတ်မှုကို ထင်ဟပ်စေသည်။

❑


mgyoe.com

mgyoe.com SAMPLE BOOK

## ပေါယနေ့များတွင် စောင့်ထိန်းကျင့်သုံးသော ဓလေ့များ

သီရိလင်္ကာရှိ ဗုဒ္ဓဘာသာဝင်များသည် ပေါယနေ့ (Poya Day) များတွင် ဘာသာရေးဆိုင်ရာ ကျင့်ဝတ်များကို အထူးဂရုပြု စောင့်ထိန်းလေ့ရှိသည်။ လပြည့်နေ့ (Pura Pasalosvaka) တွင် ရှစ်ပါးသီလကို ဆောက်တည်ခြင်းသည် အဓိက အလေ့အထတစ်ခု ဖြစ်သည်။ ဆရာတော်များနှင့် လူပုဂ္ဂိုလ်များသည် အဖြူရောင် ဝတ်စုံများကို ဝတ်ဆင်ကာ တရားအားထုတ်ခြင်း၊ တရားနာခြင်းနှင့် သီလဆောက်တည်ခြင်းများ ပြုလုပ်ကြသည်။ ဤနေ့များတွင် ဆွမ်းကပ်လှူခြင်း၊ တရားထိုင်ခြင်း၊ ရှိခိုးခြင်း၊ တရားနာခြင်း၊ တရားဟောခြင်းနှင့် ကျမ်းဂန်ရွတ်ဖတ်ခြင်းတို့သည် အဓိကလုပ်ဆောင်ချက်များ ဖြစ်သည်။ ညဥ့်ဦးယံတွင် ရှစ်ပါးသီလကို ပယ်ဖျက်လေ့ရှိကြသည်။

ယခုခေတ်တွင် ကျောင်းများနှင့် ဘာသာရေး၊ လူမှုရေး အသင်းအဖွဲ့များက ကဆုန်လပြည့်နေ့ကဲ့သို့သော အထူးနေ့များတွင် အစုလိုက်အပြုံလိုက် လှူပ်ရှားမှုများ ပြုလုပ်လာကြသည်။

❑


mgyoe.com